**အမျိုးသားပို့ကုန်မဟာဗျူဟာ(၂၀၂၀-၂၀၂၅)ဒီဇိုင်းရေးဆွဲရေး ညှိနှိုင်းဆွေးနွေးပွဲကျင်းပ**

၂၆. ၂. ၂၀၂၀နေ့နံနက် (၀၉:၃၀) နာရီတွင်မန္တလေးမြို့ချမ်းမြသာစည်မြို့နယ်၊သဇင်လမ်းနှင့် ငုရွှေဝါ လမ်းကြားရှိ Pullman Hotel ၌ အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၀-၂၀၂၅)၊ (National Export Strategy-NES 2020-2025 Reginoal Consulation ) ကို ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး ဦးမြတ်သူ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးသူ ၊မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးဥက္ကာကျော်၊ ရတနာပုံ တက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာမောင်မောင်နိုင်၊ဒုတိယ ပါမောက္ခချုပ် ဒေါက်တာ တင့်မိုးသူဇာ ၊ မန္တလေတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် ဒေါက်တာမဥ္စုမြင်း၊ မန္တလေး ကွန်ပျူတာ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစန်းစန်းတင့်၊မန္တလေး နည်းပညာ တက္ကသိုလ်ပါမောက္ခ ဌာနမှူး ဒေါက်တာ ခင်ခင်လေး နှင့်မန္တလေးမြို့ရှိ ကုန်သည်လုပ်ငန်းရှင်များ ၊စွန့်ဦးတီထွင် လူငယ်စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင်မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး ဦးမြတ်သူကအဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးသူက စီမံကိန်းမိတ်ဆက်စကားပြောကြားသည်။ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း အထွေထွေ အတွင်းရေးမှူး ဦးဥက္ကာကျော်က အသင်း၏ဆောင်ရွက်မှု အခြေအနေများ အားရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ International Trade centre -ITC မှ Consultant Mr-Anushka WiJesunha ကမဟာဗျူဟာဒီဇိုင်းရေးဆွဲရာတွင် စီမံကိမ်း၌ ပါဝင်သင့်သည့်အချက် အလက်များအား ရှင်းလင်းခဲ့ပြီး ၊မန္တလေးတိုင်းဒေသကြီး ကဏ္ဍအသီးသီးရှိ ကုန်သည်လုပ်ငန်းရှင်၊ အသင်းအဖွဲ့များ၊ ပညာရှင်များက စီမံကိန်းတွင် ထည့်သွင်းသင့်သည့်အချက်များ ဖြည့်စွက်ဆွေးနွေးခဲ့ပြီး အစည်းအဝေးကို နေ့လည် (၁၃:၃၀) နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

သက်သက်နိုင်
ရတနာပုံကုန်သွယ်မှုဗဟိုဌာန

I